KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

**မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ**

နိုဝင်ဘာလ ၂၁ ရက်, ၂၀၂၅ ခုနှစ် / KHRG စာအမှတ်- 25-210-I1

---

# ခလယ်လွီထူခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ - ဆောထိမြို့နယ်ရှိ စာသင်ကျောင်းကို SAC မှ လေကြောင်းဖြင့်တိုက်ခိုက်၍ ရွာသားတစ်ဦး ထိမှန်ဒဏ်ရာရရှိ (၂၀၂၅ ခုနှစ်၊ မေလ)

---

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာသည် ခလယ်လွီထူ (ညောင်လေးပင်) ခရိုင်၊ ဆောထိ (ရွှေကျင်) မြို့နယ်တွင် ဖြစ်ပွားခဲ့သော လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်အကြောင်းကို ဖော်ပြထားသည်။ ၂၀၂၅ ခုနှစ်၊ မေလ ၁၁ ရက်နေ့ မနက် (ရး၂၀) မိနစ်ခန့်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) တိုက်လေယာဉ်တစ်စီးသည် ဆောထိမြို့နယ်၊ ပျဉ်ရေကျေးရွာအုပ်စု၊ အအ---ကျေးရွာရှိ အထက်တန်းကျောင်းဝင်းထဲတွင် ပေါင် (၅၀၀) ဗုံးတစ်လုံးပစ်ချခဲ့သည်။ စာသင်ကျောင်းအနီးတွင် နေထိုင်သောရွာသားတစ်ဦးဖြစ်သူ ကိုအ--- သည် ၎င်း၏နေအိမ်တွင် အိပ်ပျော်နေစဉ်အတွင်း ဗုံးစထိမှန်၍ ၎င်း၏ခါးနှင့်ပုခုံးအနောက်ဖက်တွင် ဒဏ်ရာရရှိခဲ့သည်။ ဤလေကြောင်းတိုက်ခိုက်မှုတွင် စာသင်ကျောင်းအဆောက်အဦးနှင့်လူနေအိမ် (၆) လုံးပျက်စီးသွားခဲ့သည်။ အကျိုးဆက်အနေဖြင့် ကိုအ--- နှင့်သူ၏ဇနီးဖြစ်သူ မဘ--- တို့သည် လေကြောင်းတိုက်ခိုက်မှုကို အမြဲတမ်းလိုလိုကြောက်ရွံ့နေကြသည်။ ၎င်းတို့သည် လေယာဉ်သံကိုကြားသည့်အချိန်တွင် လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားမည်ကို စိုးရိမ်ထိတ်လန့်၍ တောထဲတွင်သွားရောက်ပုန်းရှောင်လေ့ရှိသည်။* [1]

---

[1] ဤအစီရင်ခံစာသည် ၂၀၂၅ ခုနှစ်၊ ဇွန်လတွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ လေ့ကျင့်သင်ကြားပေးထားသော ခလယ်လွီထူခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်းလူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏အမည်၊ ဓာတ်ပုံနှင့်နေရပ်လိပ်စာအတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။ ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာကို မြေပြင်တွင်လက်ခံရရှိသော အစီရင်ခံစာ (၃) စောင်ဖြင့် ပေါင်းစပ်ရေးသားထားပါသည်။ ထိုအစီရင်ခံစာများ၏ စာအမှတ်မှာ #25-210-D1၊ #25-210-I1 နှင့် #25-210-A2-I1 တို့ဖြစ်သည်။

# အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | (စာသင်ကျောင်းဝင်းထဲတွင်ဖြစ်ပွားခဲ့သော) လေကြောင်းတိုက်ခိုက်မှု |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၂၅ ခုနှစ်၊ မေလ ၁၁ ရက် |
| **အခင်းဖြစ်ပွားသည့်နေရာ (ခရိုင်၊ မြို့နယ်၊ ကျေးရွာ အုပ်စု၊ ကျေးရွာ)** | ခလယ်လွိုထူခရိုင်၊ ဆောထိမြို့နယ်၊ ပျဉ်ရေကျေးရွာအုပ်စု၊ အအ--- ကျေးရွာ |

| **စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | |
|---|---|
| **အမည်** | ကိုအ--- |
| **အသက်** | ၃၉ နှစ် |
| **ကျား/မ** | ကျား |
| **လူမျိုး** | ဗမာ |
| **အိမ်ထောင် ရှိ/မရှိ** | ရှိ |
| **အလုပ်အကိုင်** | လယ်ယာ |
| **ကိုးကွယ်သည့် ဘာသာ** | ဗုဒ္ဓဘာသာ |
| **ရာထူးအဆင့်** | ရွာသား |
| **နေရပ် ရွာအမည်** | ခလယ်လွိုထူခရိုင်၊ ဆောထိမြို့နယ်၊ ပျဉ်ရေကျေးရွာအုပ်စု၊ အအ--- ကျေးရွာ |

| **ပစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | | | |
|---|---|---|---|
| **လေယာဉ်အမျိုးအစား** | **စစ်ကြောင်း၊ တပ်ရင်း၊ တပ်မ** | **အခြေစိုက်သည့်နေရာဒေသ** | **အထက်အရာရှိ အမည်** |
| တိုက်လေယာဉ် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) မြန်မာ့တပ်မတော် (လေတပ်) | တောအူးခရိုင်၊ တောင်ငူလေတပ်စခန်း | ဗိုလ်ချုပ်ကြီးထွန်းအောင်သည် ကာကွယ်ရေးဦးစီးချုပ် (လေတပ်) အဖြစ် တာဝန်ထမ်းဆောင်သည်။ |

# အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| **(၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။** |
|---|
| ၂၀၂၅ ခုနှစ်၊ မေလ ၂၆ ရက်နေ့၌ KHRG သတင်းမှတ်တမ်းပြုစုသူတစ်ဦးသည် ဤလေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်ကို ခလယ် လွိုထူခရိုင်ရှိ ကရင်အမျိုးသားအစည်းအရုံး (KNU) နယ်မြေခံအုပ်ချုပ်ရေးအဖွဲ့တာဝန်ရှိသူတစ်ဦးထံမှ ကြားသိရှိခဲ့ရသည်။ ထို့နောက် KHRG သတင်းမှတ်တမ်းပြုစုသူသည် (ပျဉ်ရေကျေးရွာအုပ်စု၊ အအ--- ကျေးရွာမှ) ဒေသခံ |

| |
|---|
| အာဏာပိုင်တစ်ဦးအား ဆက်သွယ်၍အတည်ပြုချက်ရယူခဲ့သည်။ ရက်အနည်းငယ်ကြာပြီးနောက် KHRG သတင်းမှတ်တမ်းပြုစုသူသည် ကျေးရွာသို့သွား၍ ဒဏ်ရာရရှိသည့်ရွာသား၏ဇနီးဖြစ်သူအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။ (တွေ့ဆုံမေးမြန်းမှုပြုလုပ်နေစဉ်တွင် ဒဏ်ရာရရှိသည့်ရွာသားလည်းရှိနေခဲ့ပါသည်။) |

| **(၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။** |
|---|
| (အအ--- ကျေးရွာအုပ်ချုပ်ရေးမှူးဖြစ်သူ) ရပ်ရွာအာဏာပိုင်တစ်ဦးနှင့် ဒေသခံ KNU အာဏာပိုင်တစ်ဦးတို့က ဤသတင်းဖြစ်စဉ်ကိုပြောပြခဲ့သည်။ KHRG သတင်းမှတ်တမ်းပြုစုသူသည် ဒဏ်ရာရရှိသည့်ရွာသားနှင့်တွေ့ဆုံ၍ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်ကို မှတ်တမ်းပြုစုခဲ့ပြီး ၎င်း၏ဇနီးကိုလည်း ဖြစ်စဉ်အသေးစိတ်ကို မေးမြန်းခဲ့ပါသည်။ (ထို့အပြင် KHRG သတင်းမှတ်တမ်းပြုစုသူသည် ကိုအ---၏ဒဏ်ရာနှင့်ထိခိုက်ပျက်စီးသည့်အရာများကို ဓာတ်ပုံရိုက်ယူခဲ့ပါသည်။) ထို့ကြောင့် ဤသတင်းသည် မှန်ကန်ကြောင်းဆို၍ရပါသည်။ |

# အဆင့် ၃- အခင်းဖြစ်ပွားပုံ

| **အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။** |
|---|
| ၂၀၂၅ ခုနှစ်၊ မေလ ၁၁ ရက်နေ့ မနက် (၈း၂၀) မိနစ်ခန့်၌ SAC (နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ) ဂျက်လေယာဉ်တစ်စီးသည် ပျဉ်ရေကျေးရွာအုပ်စု၊ အအ--- ကျေးရွာပေါ်တွင် သုံးကြိမ်တိုင်တိုင်ပျံဝဲ၍ ဝေဟင်ကင်းထောက်လှမ်းမှုပြုလုပ်ခဲ့သည်။ (အဆိုပါတိုက်လေယာဉ်သည် တောင်ငူမြို့မှလာသည်ဟု ရွာသားများက ယူဆကြသည်။) တိုက်လေယာဉ်သည် သုံးကြိမ်မြောက်ပျံသန်းလာသည့်အချိန်တွင် အအ--- ကျေးရွာရှိ အအ--- အထက်တန်းကျောင်းဝင်းထဲတွင် ပေါင် (၅၀၀) ဗုံးတစ်လုံးပစ်ချ၍ ပေါက်ကွဲသွားခဲ့သည်။ (၎င်းကျောင်းသည် ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန (KECD) မှစီမံခန့်ခွဲသောကျောင်းဖြစ်သည်။) ဗုံးပေါက်ကွဲမှုတွင် စာသင်ကျောင်းအား ထိမှန်ပျက်စီးသွားခဲ့သည်။ ထို့အပြင် ဗုံးစများသည် ကိုအ---၏နေအိမ်ပြတင်းပေါက်ကို ထိုးဖောက်ပြီး ၎င်းခါးနှင့်ပုခုံးအနောက်ဖက်ခြမ်းတွင် ထိမှန်ဒဏ်ရာရရှိခဲ့သည်။ ကိုအ---၏အိမ်လည်း အနည်းငယ်ပျက်စီးသွားခဲ့သည်။ ၎င်းအိမ်သည် ကျောင်းအနီးနားတွင်တည်ရှိသည်။ ကိုအ---သည် အသက် (၃၉)နှစ်ရှိပြီးဖြစ်သည်။<br><br>အခင်းဖြစ်ပွားသည့်နေ့တွင် ကိုအ---နှင့်သူ၏ဇနီးဖြစ်သူ မဘ---တို့သည် ၎င်းတို့နေအိမ်ထဲတွင်ရှိခဲ့သည်။ ၎င်းတို့အိမ်သည် စာသင်ကျောင်းအနီးတွင်ရှိသည်။ (KHRG ပြုလုပ်သည့်တွေ့ဆုံမေးမြန်းမှုထဲတွင်) မဘ--- က ဤသို့ရှင်းပြသည်။ *"ကိုအ---က မီးဖိုချောင်ထဲမှာအိပ်ပျော်နေတယ်။ ကျွန်မက ထမင်းချက်ပြီးတော့ ရေသွားခပ်နေတယ်။ လေယာဉ်လာတဲ့အချိန်မှာ လေယာဉ်သံက အရင်ကလာပျံသန်းတဲ့အသံနဲ့မတူဘူးဆိုတာ ကျွန်မသတိထားမိတယ်။ လေယာဉ်အသံက အခြားလေယာဉ်အသံလိုမျိုး မကျယ်ဘူး။ အဲဒီအသံက ကျေးရွာပေါ်မှာလာဝဲပြီး ကင်းထောက်နေတဲ့လေယာဉ်အသံနဲ့တူတယ်။ အိမ်အောက်ကိုဆင်းလာဖို့ ကျွန်မက ကိုအ---ကိုပြောတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မလုံခြုံမှုရှိတယ်လို့မခံစားရတော့ဘူး။ အဲဒီလေယာဉ်လာတဲ့အသံက ရွာမှာလာပြီး ကင်းထောက်နေတဲ့လေယာဉ်အသံလိုမျိုးပဲ။ ကျွန်မစကားလှမ်းပြောနေတဲ့အချိန်မှာ သူကအိပ်နေတယ်။ ကျွန်မ စကားပြောတာပြီးရော လေယာဉ်က မြေပြင်အနားကိုရောက်နေပြီ။ သူက (ကိုအ---) အိမ်အောက်ကိုဆင်းလာတော့ နောက်ကျသွားပြီ။ သူ့ကိုဗုံးစထိမှန်ပြီး ဒဏ်ရာရသွား* |

*တယ်။ သူက မီးဖိုချောင်ထဲမှာရှိနေတယ်။ ဒါပေမဲ့ ကျွန်မကတော့ ဒဏ်ရာမရဘူး။ ဘာဖြစ်လို့လဲဆိုတော့ လေယာဉ်သံကိုကြားတဲ့အချိန်မှာ ကျွန်မက အိမ်အောက်ကိုပြေးဆင်းပြီး ပုန်းရှောင်နေလိုက်တယ်လေ။ သူက အိမ်အောက်ကိုဆင်းတော့မဲ့အချိန်မှာ နောက်ကျသွားပြီးလေ။"* ကိုအ--- သည် ဒဏ်ရာပြင်းပြင်းထန်ထန်မရရှိခဲ့ပါ။ ထို့ကြောင့် သူသည် အချိန်ခဏအတွင်းတွင် ပြန်ကောင်းလာပါသည်။ ကျေးရွာတွင်ရှိသည့် PDF (ပြည်သူ့ကာကွယ်ရေးတပ်မတော်) ဆေးပေးခန်းတွင် တာဝန်ကျသည့် ကရင်ကျန်းမာရေးနှင့်လူမှုဖူလုံရေးဌာန (KDHW) ကျန်းမာရေးလုပ်သားတစ်ဦးမှ ကိုအ--- အား အခမဲ့ဆေးကုသပေးခဲ့သည်။ ထို့ကြောင့် ကိုအ--- သည် ဆေးကုသမှုစရိတ်ပေးရန်မလိုပါ။

ထို့အပြင် လေကြောင်းတိုက်ခိုက်မှုကြောင့် စာသင်ကျောင်းအဆောက်အဦး (နံရံနှင့်ခေါင်းမိုး)နှင့်လူနေအိမ် (၅) လုံးထိမှန်ပျက်စီးသွားခဲ့သည်။ ပျက်စီးသွားသည့်အိမ်များ၏ပိုင်ရှင်များမှာ ဦးဆ---၊ ဦးဒ---၊ ဦးဃ---၊ ဒေါ်ဗ---နှင့်ဦးဖ---တို့ဖြစ်သည်။

အခင်းဖြစ်စဉ်မဖြစ်ပွားမီ PDF စစ်သားများသည် အဆိုပါအထက်တန်းကျောင်းဝင်းထဲတွင် အချိန်ခဏကြာ ဝင်ရောက်နားခိုခဲ့ကြောင်း မဘ--- ကရှင်းပြခဲ့သည်။ (ယခင်က) PDF စစ်သားများသည် ကျောင်းထဲတွင်နေထိုင်ခဲ့စဉ်က လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့ဖူးသည်။ (ပထမအကြိမ်လေကြောင်းတိုက်ခိုက်မှုသည် ၂၀၂၅ ခုနှစ်၊ မေလ ၁၁ ရက်နေ့ မတိုင်မီ လွန်ခဲ့သည့်တစ်လဝန်းကျင်က ဖြစ်ပွားခဲ့ကြောင်းသိရှိရသည်။) သို့သော်လည်း ဒုတိယအကြိမ်လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားသည့်အချိန်တွင် PDF စစ်သားများသည် ကျောင်းထဲတွင်မရှိခဲ့ပါ။ လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များ (PDF) သည် ကျေးရွာထဲတွင်လာရောက်နေထိုင်သည့်အချိန်တွင် လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း ရွာသားများက တင်ပြခဲ့သည်။ သို့သော် ဒုတိယအကြိမ်လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားသည့်အချိန်တွင် PDF စစ်သားများသည် ရွာထဲတွင်ရှိမနေခဲ့ပါ။

လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် မဘ---သည် အလွန်ကြောက်ရွံ့ထိတ်လန့်မိကြောင်း သူမ၏ခံစားချက်ကိုပြောပြခဲ့သည်။ သူမအနေဖြင့် အိမ်ထဲတွင်အကြာကြီးမနေရဲတော့ပေ။ သူမသည် များသောအားဖြင့် အိမ်အောက်တွင်သာ နေထိုင်လေ့ရှိသည်။ လေယာဉ်သံကိုကြားသည့်အချိန်တိုင်း သူမသည် ထိတ်လန့်ခြောက်ခြား၍ တုန်ရင်နေသည်။ လေယာဉ်က ကျေးရွာပေါ်တွင်လာပျံသန်းပါက သူမအနေဖြင့် ရှောင်ပြေးခြင်းမရှိပါ။ တစ်ခါတစ်ရံတွင် သူမနှင့်သူမ၏အမျိုးသားတို့သည် ကျေးရွာတွင်လုံခြုံမှုမရှိဟုခံစားရပါက တောထဲရှိလုံခြုံသည့်တစ်နေရာတွင် သွားရောက်နေထိုင်ကြသည်။

အခုအချိန်တွင် ကိုအ--- သည် ဒဏ်ရာပျောက်ကင်းသက်သာလာပြီးဖြစ်သော်လည်း စိတ်ပိုင်းဆိုင်ရာထိခိုက်မှုရှိသွားဟန်တူသည်။ သူသည် အမြဲတမ်းထိတ်လန့်ခြောက်ခြားနေသည်။ ဤနှစ်အတွင်းတွင် ရွာသားများသည် အကြောက်တရားနှင့်ရှင်သန်နေထိုင်ရသည်။ ကျေးရွာလည်း လေကြောင်းဖြင့်တိုက်ခိုက်ခံရတာနှစ်ကြိမ်ရှိပြီးဖြစ်သည်။ ယခုအချိန်သည် မိုးတွင်းကာလဖြစ်၍ နွေရာသီကဲ့သို့ ရွာအပြင်ထွက်၍တိမ်းရှောင်ရန်အခက်အခဲများကြုံတွေ့နေရသည်။



















အထက်ပါဓာတ်ပုံများကို ၂၀၂၅ ခုနှစ်၊ မေလအတွင်း ခလယ်လွီထူခရိုင်၊ ဆောထိမြို့နယ်၊ ပျဉ်ရေကျေးရွာအုပ်စု၊ အအ--- ကျေးရွာတွင် ရိုက်ယူခဲ့သည်။ ပုံတွင် ၂၀၂၅ ခုနှစ်၊ မေလ ၁၁ ရက်နေ့၌ SAC သည် ကျေးရွာအထက်တန်းကျောင်းကို လေကြောင်းဖြင့်တိုက်ခိုက်၍ ပျက်စီးသွားသည့် အဆောက်အဦးများနှင့်ဒဏ်ရာရသွားသောရွာသားတစ်ဦး၏အခြေအနေကိုဖော်ပြထားသည်။ အပေါ်တန်းမှ ဓာတ်ပုံ နှစ်ပုံ သည် လေကြောင်းတိုက်ခိုက်မှုကြောင့် စာသင်ကျောင်းခေါင်မိုးအပေါက်များဖြစ်သွားပြီး မျက်နှာကျက်ပြိုကျကာ ပျက်စီးသွားသည့် အခြေအနေကို ဖော်ပြသည်။ အလယ်တန်းမှ လက်ဝဲပုံသည် ကျောင်းနံရံနှင့်ပြတင်းပေါက်ပျက်စီးသွားသောအခြေအနေကိုဖော်ပြသည်။ အလယ်တန်းမှ လယ်ယာပုံသည် ကိုအ--- အား လေယာဉ်ဗုံးစများထိမှန်၍ ၎င်း၏ပုခုံးတွင်ဒဏ်ရာရရှိသောအခြေအနေကိုဖော်ပြသည်။ အောက်တန်းမှ ဓာတ်ပုံနှစ်ပုံသည် လေကြောင်းတိုက်ခိုက်မှုကြောင့် အနီးအနားရှိလူနေအိမ်များထိမှန်ပျက်စီးသွားသောအခြေအနေကိုဖော်ပြထားသည်။

*(ဓာတ်ပုံ- KHRG)*

## အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

| **ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သော နည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။** |
|---|
| KHRG သတင်းမှတ်တမ်းပြုစုသူတစ်ဦးအင်တာဗျူးခဲ့သော လေကြောင်းတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသည့်ရွာသားသည် ဤသတင်းအကြောင်းအရာများကို ရေးသားဖြန့်ဝေရန်ခွင့်ပြုချက်ပေးထားပါသည်။ ဒဏ်ရာရရှိသည့်ရွာသား၏ ဇနီးဖြစ်သူ မဘ--- သည်လည်း ဤသတင်းကိုလိုအပ်သလိုအသုံးပြုရန်အတွက် KHRG အား ခွင့်ပြုချက်ပေးထားပါသည်။ |

**ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း**

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။